# မြန်မာနိုင်ငံ- ဆိုက်ဘာလုံခြုံရေး ဥပဒေသစ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက်

**၂၀၂၂ ခုနှစ်၊ ဧပြီလ**

CENTRE FOR LAW AND DEMOCRACY
ဥပဒေနှင့် ဒီမိုကရေစီစင်တာ
info@law-democracy.org
+1 902 431-3688
www.law-democracy.org

## နိဒါန်း[1]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာစစ်အစိုးရသည် ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) ကို ထုတ်ပြန်ခဲ့၏။ ပြည်တွင်းပါဝင်ပတ်သက်သူများအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေရှုထောင့်မှ ပြဿနာများကို နားလည်သဘောပေါက်စေရန် အရေးပေါ်ကူညီပေးလိုသည့် ရည်ရွယ်ချက်ဖြင့် တရားဥပဒေနှင့် ဒီမိုကရေစီ ဗဟိုဌာန (CLD) က အဆိုပါမူကြမ်းကို စိစစ်လေ့လာ ပြုစုပေးအပ်ပါသည်။ အများပြည်သူတို့ထံမှ ဝေဖန်သံ အမျိုးမျိုးကြောင့် လအနည်းငယ်အကြာတွင် အဆိုပါ ဆိုက်ဘာလုံခြုံရေးဥပဒေမူကြမ်းကို စစ်အစိုးရက ရုပ်သိမ်းလိုက်၏။ သို့သော် ပြန်လည်ပြင်ဆင်ထားသည့် မူကြမ်း (ဥပဒေမူကြမ်း) ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ တွင် တစ်ဖန် ထုတ်ပြန်ခဲ့၏။ ဤသဘောထားမှတ်ချက်သည် (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်သော) ဥပဒေမူကြမ်း၏ ဝိသေသလက္ခဏာအသစ်များကို စိစစ်လေ့လာပြထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ် တို့၏ အစောပိုင်း စိစစ်လေ့လာချက်နှင့် တွဲဖက် ဖတ်ရှုသင့်ပါသည်။ ထိုစိစစ်လေ့လာချက်ကဲ့သို့ပင် ယခု မှတ်ချက်၏ ဗဟိုချက်မှာလည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် အထူးအာရုံစိုက်လျက် ဤမူကြမ်း ၏ လူ့အခွင့်အရေးအပေါ် ဂယက်ရိုက်ခတ်မှုများအား စူးစိုက်လေ့လာထား၏။ ထို့ကြောင့် ဤမှတ်ချက်သည်

[1] ဤလေ့လာချက်သည် Creative Commons Attribution-Non Commercial-ShareAlike 3.0 Unported Licence မှ လိုင်စင်ရယူထားသည်။ သင့်အနေဖြင့် လွတ်လပ်စွာ ကူးယူ, ဖြန့်ဝေ, ပြသရန်နှင့် ဆက်စပ်နေသည့် လုပ်ငန်းများကို ဖန်တီးရန် အတွက် ဥပဒေနှင့် ဒီမိုကရေစီ စင်တာအား ခရက်ဒစ်ပေးကာ ဆောင်ရွက်နိုင်သည်။သို့သော် စီးပွားဖြစ် ရည်ရွယ်လျက် ဤလေ့လာ ချက်ကို အသုံးမပြုရန်နှင့် ဤလိုင်စင်ဖြင့် ထုတ်ဝေမှုနှင့် ဆက်စပ်နေသော မည်သည့် လုပ်ရပ်ကိုမျှ ဖြန့်ဝေခြင်းမပြုရန် လိုအပ်၏။ ဤလိုင်စင်မိတ္တူကို ကြည့်ရှုလိုလျှင် http://creativecommons.org/licenses/by-nc-sa/3.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။

၎င်းကို အကောင်အထည်ဖော်ရာ၌ ဖြစ်ပေါ်လာနိုင်သော အမှန်တကယ် စိန်ခေါ်မှုများ သို့မဟုတ် ကုန်ကျစရိတ်များ စသည့် အခြားသော ဖြစ်နိုင်ခြေအလားအလာရှိပြဿနာများစွာကို ဖြေရှင်းပေးနိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စိစစ်လေ့လာချက်တွင် ကျွန်ုပ်တို့ ဖော်ပြခဲ့သော စိုးရိမ်ဖွယ်အလားအလာများအားလုံးနှင့် ဆက်နွယ်လျက်ရှိနေသေးကြောင်း အစကတည်းက ကျွန်ုပ်တို့ သတိပြုမိပါ၏။ ယခင်အကဲဖြတ်ချက်တွင် ဖော်ပြခဲ့သော အထင်ရှားဆုံး စိုးရိမ်ဖွယ်အခြေအနေအချို့မှာ-

- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အရေးယူပိတ်ဆို့မှုများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပါအဝင် အလွန် သိသာထင်ရှားသော လုပ်ပိုင်ခွင့်အာဏာများကို တပ်မတော်အစိုးရအား မှီခိုရပ်တည်နေရသည့် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီများကဲ့သို့သော အဖွဲ့အစည်းများထံ ခွဲဝေပေးထားခြင်းဖြစ်ပြီး၊ ထိုလုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရာ၌လည်း လုပ်ထုံးလုပ်နည်း သို့မဟုတ် ခိုင်မာသော ကန့်သတ်ချက်များနှင့် လိုက်လျောညီထွေ မရှိသည့်အပြင် အဆိုပါအဖွဲ့များ၏ ဆုံးဖြတ်ချက်များသည် တရားရုံး၏ ပြန်လည်သုံးသပ်မှုနှင့်လည်း ဆက်စပ်မှု မရှိချေ။
- အွန်လိုင်းပေါ်တွင် ဖြန့်ဝေနိုင်သော အကြောင်းအရာအပေါ်၌ ကျယ်ပြန့်သော်လည်း ဝိုးတိုးဝါးတားဖြစ်နေသည့် ကန့်သတ်ချက်များကို ချမှတ်ထားပြီး (ယင်းတို့ကို အထက်ဖော်ပြပါ အဖွဲ့အစည်းများက ကျင့်သုံးမည် ဖြစ်သည်)။
- (သတ်မှတ်အကြောင်းအရာထက်ကျော်လွန်သော) ရာဇဝတ်မှုဆိုင်ရာ အခြားပြစ်မှုများကိုလည်း ထပ်မံ၍ မရေမရာ ဖန်တီးပြဋ္ဌာန်းထားပြန်၏။ ထိုပြဋ္ဌာန်းချက်များအကြား စကားအသုံးအနှုန်း အနည်းငယ် ပြောင်းထားရုံမျှ ဖြစ်သဖြင့် အပ်ကြောင်းထပ်နေရုံမျှမက ထိုသို့သော တားမြစ်ချက်များကို မျှမျှတတဖြစ်စေရန် လိုအပ်မည့် သင့်လျော်သော (တိကျသော) ရည်ရွယ်ချက်လည်း ကင်းမဲ့နေလေ၏။
- ဒစ်ဂျစ်တယ်ဝန်ဆောင်မှုပေးသူများနှင့် ယင်း၏ မျိုးခွဲ ("ဆိုက်ဘာလုံခြုံရေးဝန်ဆောင်မှုပေးသူများ" ကဲ့သို့သော) လုပ်ငန်းများအပေါ် ကြီးလေးသော တာဝန်ဝတ္တရားများစွာကို အကျယ်တဝင့် သတ်မှတ်ထားပြီး၊ ယင်းတို့အနက် တချို့မှာ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးလုပ်ငန်းများကို စစ်တပ်က ပြတ်ပြတ်သားသား ပိုမို ထိန်းချုပ်နိုင်ရန် ပုံစံထုတ်ထားသော သတ်မှတ်ချက်များ ဖြစ်လေ၏။ တချို့ဆိုလျှင် ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများအတွက် ယုတ္တိမတန်သော ဝန်ထုပ်ဝန်ပိုးများ ဖြစ်နေပြီး၊ သတ်မှတ်ချက်အများစုမှာ နိုင်ငံတကာဝန်ဆောင်မှုပေးသူများ၏ အမှန်တကယ် ဆောင်ရွက်ရသော ပုံမှန်

လုပ်ငန်းသဘောသဘာဝကို ထည့်သွင်းမစဉ်းစားဘဲ လျစ်လျူရှုထားသည့် သတ်မှတ်ချက်များ ဖြစ်နေ၍။

- အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အဦကို ကာကွယ်ရန် သိသိသာသာ ပုံစံချထားသော အထူးတာဝန်ဝတ္တရားများ၏ နယ်ပယ်သည် အခြေခံအဆောက်အဦသတ်မှတ်ပုံနည်းလမ်းများနှင့်ရော ဤစည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းထားသည်ဟု ယူဆရသော အဖွဲ့အစည်းများနှင့်ပါ အလှမ်းကွာအောင် ကျယ်ပြန့်လွန်းလှ၍။

ကျွန်ုပ်တို့၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ စိစစ်လေ့လာချက်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်သော ကိုယ်ရေးကိုယ်တာအချက်အလက်ကာကွယ်မှုဆိုင်ရာဥပဒေ (မူကြမ်း)၏ စည်းမျဉ်းများအတွက် ဝေဖန်ချက်တစ်ခုကိုလည်း ထည့်သွင်းခဲ့ပါသည်။ ဤစည်းမျဉ်းများကို ယခု ဥပဒေ(မူကြမ်း)တွင် မူရင်းစကားအသုံးအနှုန်းအတိုင်း အတိအကျ ဆက်လက်သုံးစွဲထား၍။ ဤစည်းမျဉ်းများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ပြဋ္ဌာန်းခဲ့သော အီလက်ထရွန်နစ်ဆက်သွယ်မှုအက်ဥပဒေ (ETA) ပြင်ဆင်ချက်[2] တွင်လည်း မူရင်းစကားအသုံးအနှုန်းအတိုင်း အတိအကျ ထပ်မံ ထည့်သွင်းထားပြန်သဖြင့် ဤစည်းမျဉ်းများသည် မြန်မာနိုင်ငံ၏ လက်ရှိဥပဒေမူဘောင်၏ တစ်စိတ်တစ်ပိုင်း ဖြစ်နေပြီဟု ကျွန်ုပ်တို့ သတိပြုမိပါ၏။ လက်ရှိ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ဖြင့် ETA ကို ဖျက်သိမ်းတော့မည် ဖြစ်သော်လည်း ၎င်းသည် ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ရေးအတွက် အခြေခံစည်းမျဉ်းများအား ဆက်လက် ကန့်သတ်ထားဆဲဖြစ်ပြီး အဆိုပါ ဥပဒေမူကြမ်းရှိ အခြားစည်းမျဉ်းများအရလည်း ဤအချက်အလက်(ဒေတာ)ကို (ကျွန်ုပ်တို့ သိရှိနားလည်ထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အရ) “သုံးနှစ်အထိ” ပြည်တွင်း၌ လျှို့ဝှက်သိမ်းဆည်းထားရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာဥပဒေအရ တရားဝင်မဟုတ်သည့်အပြင် “တာဝန်ပေးအပ်ထားသော တောင်းဆိုထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ပိုင်ခွင့်ရအဖွဲ့အစည်းတစ်ခုခု” နှင့် လုံလောက်သော အကာအကွယ်ပေးမှုများ မပါရှိဘဲ မျှဝေရန် ပြဋ္ဌာန်းထား၍။

[2] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)ကို ရုပ်သိမ်းချိန်နှင့် တစ်ပြိုင်တည်း ထိုဥပဒေ(မူကြမ်း)မှ တိုက်ရိုက်ကိုးကားရေးဆွဲထားသော ဤပြင်ဆင်ချက်များအား ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဤသဘောထားမှတ်ချက်၏ ကျန်ရှိသော အစိတ်အပိုင်းများသည် လက်ရှိ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်သော ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)တွင် ပြန်လည်ပြင်ဆင်ထားသော ပြဋ္ဌာန်းချက်များအပေါ် အခြေခံလျက် စိုးရိမ်ပူပန်ဖွယ်အချက်အလက်အသစ်များကို အာရုံစူးစိုက် လေ့လာထားပါသည်။

## ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းထားပုံ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဤဥပဒေ (မူကြမ်း)၏ မူရင်းပြဋ္ဌာန်းချက်စာသားကို အခြေခံ၍ ၎င်းတို့ ကိုင်စွဲထားသော ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ စုဖွဲ့ထားပုံနှင့် လုပ်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်း၍ အလွန် သိသာထင်ရှားသော စိုးရိမ်ပူပန်ဖွယ်အချက်များ ရှိနှင့်ပြီးဖြစ်သည်။ ဤစိုးရိမ်ပူပန်ဖွယ်အချက်များသည် လက်ရှိအဆိုပြုထားသော ပြင်ဆင်ချက်များကြောင့် ပို၍ပင် ပြဿနာကြီးလာပြီ ဖြစ်၏။ စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် အခိုင်အမာရှိသော ဗဟိုကော်မီတီ၏ အာဏာများကို အဓိက နယ်ပယ်နှစ်ခုတွင် ချဲ့ထွင်ခဲ့ပြီး ယင်းတို့မှာ အောက်တွင် ဖော်ပြထားသော အခြားစိုးရိမ်ဖွယ်အချက်များနှင့် ဆက်စပ်နေပါသည်။ ပထမဦးဆုံးအချက်မှာ ဥပဒေ(မူကြမ်း) ပုဒ်မ ၆(ည)တွင် ပြဋ္ဌာန်းထားသည့် တရားရုံးတွင် ထည့်သွင်းစဉ်းစား နိုင်ရန် အီလက်ထရွန်းနစ်အထောက်အထားများ အတည်ပြုရာ၌ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်မည့် အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း တည်ထောင်ရေးအတွက် ဗဟိုကော်မတီအား အခွင့်အာဏာ ပေးအပ် ထားခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ပုဒ်မ ၆(ဋ) တွင် ပြဋ္ဌာန်းထားသည့် အွန်လိုင်းငွေကြေးဝန်ဆောင်မှု များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းပြီး မူဝါဒ, စည်းမျဉ်း, စည်းကမ်းများနှင့် ညွှန်ကြားချက်များ ချမှတ်နိုင်စေရန် ဗဟိုကော်မတီအား အခွင့်အာဏာ ပေးအပ်ထားခြင်းဖြစ်သည်။

နောက်ထပ်စိုးရိမ်ဖွယ်အချက်တစ်ခုမှာ အီလက်ထရွန်းနစ်သက်သေခံလက်မှတ်နှင့် လိုင်စင်ထုတ်ပေးခြင်း အပေါ် သိသိသာသာ တိုးချဲ့ကန့်သတ်လိုက်သော "အီလက်ထရွန်းနစ်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိ သူအဖြစ် လုပ်ဆောင်ရန်" ပြဋ္ဌာန်းချက်ဖြစ်သည်။ (ဆိုလိုသည်မှာ ယင်းသက်သေခံလက်မှတ်များကို ၎င်းတို့ ၏ ဘာသာရပ်အလိုက် သို့မဟုတ် ၎င်းတို့၏ပိုင်ရှင်များက အသုံးပြုသည့်အခါ ကြားခံအဖွဲ့အစည်းများက အားကိုးနိုင်ရန် ယုံကြည်စိတ်ချရသော ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို ထုတ်ပေးသူအဖြစ်လည်း ကောင်း၊ ယုံကြည်စိတ်ချရသော အီလက်ထရွန်းနစ်ကုန်သွယ်မှု၏ အဓိက အခြေခံအုတ်မြစ်တစ်ခုအဖြစ် လည်းကောင်း ဆောင်ရွက်ရန်ဟူ၍ ပြဋ္ဌာန်းလိုက်ခြင်းဖြစ်၏။) ဤစည်းမျဉ်းများကို "အီလက်ထရွန်းနစ် ဆက်သွယ်ရေးကြီးကြပ်မှုကော်မတီ"၊ "အီလက်ထရွန်းနစ်ဆက်သွယ်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ" နှင့်

"အီလက်ထရွန်နစ်သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူ" [3] အပိုဒ် ၃ (ပ) တွင် "အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူ ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်၏ မှန်ကန်မှုနှင့် တရားဝင်မှုတို့အား စိစစ်အတည်ပြုပေးနိုင်သည့် အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူကို ဆိုသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း (ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဦးစီးကော်မတီက အီလက်ထရောနစ်ဆက်သွယ်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းမည် ဖြစ်သော်လည်း) မည်ကဲ့သို့ ဖွဲ့စည်းမည်ကို ဥပဒေ (မူကြမ်း) တွင် အတိအကျ မဖော်ပြထားချေ။ ယခင်ကမူ ဤစည်းမျဉ်းများ ချမှတ်ခြင်းကို ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် တာဝန်ပေးအပ်ခံရသည့် "ဦးစီးဌာန" က ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ဤစည်းမျဉ်းများ ချမှတ်ခြင်းသည် ဆိုက်ဘာလုံခြုံရေးဥပဒေ၏ မူလ ပြဋ္ဌာန်းချက်အတိုင်း စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီဖြစ်သော်လည်း၊ ၎င်းအား အုပ်ချုပ်သည့် စည်းမျဉ်းများနှင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပုံကို ယခု (မူကြမ်း) တွင် သိသိသာသာ တိုးချဲ့ထား၏။

## ဗွီပီအန်များ (VPNs) အသုံးပြုခြင်း

အသစ်ပြဋ္ဌာန်းလိုက်သော ပုဒ်မ ၆၂ တွင် ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင် ရယူ၍ ဝန်ဆောင်မှုပေးသည့် ကွန်ရက်ပေါ်တွင် Virtual Private Networks (VPN) နည်းပညာ သို့မဟုတ် အလားတူ နည်းပညာအသုံးပြု၍ (ဆိုလိုသည်မှာ သင့်အင်တာနက် သို့မဟုတ် မိုဘိုင်းအစီအစဉ်တွင် အသုံးပြုရန်) ကွန်ရက်ထူထောင်ခြင်း၊ အဆိုပါ ကွန်ရက်ကို ဝင်ရောက်ချိတ်ဆက်ခြင်း၊ အသုံးပြုခြင်း ပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက် ရရှိရန် လျှောက်ထားရမည်။ ခွင့်ပြုချက် မရရှိလျှင် တရားမဝင်ချေ။ ပုဒ်မ ၈၀ အရ ဤသတ်မှတ်ချက်အား လေးစားလိုက်နာရန် ပျက်ကွက်ပါက အနည်းဆုံး တစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် (အမေရိကန်ဒေါ်လာ ၂,၇၀၀) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်မည်ဖြစ်သည်။[4] ထို့အပြင် ဤသတ်မှတ်ချက်နှင့်ဆက်စပ်နေ

---

[3] ယင်းတို့သည် မတူညီသော အဖွဲ့အစည်းနှစ်ခု သို့မဟုတ် သုံးခု သို့မဟုတ် တစ်ခုတည်း ဟုတ်/မဟုတ် ကျွန်ုပ်တို့အနေဖြင့် လုံးဝ ရှင်းရှင်းလင်းလင်း မသိရသေးချေ။

[4] သတင်းရင်းမြစ်တချို့၏အဆိုအရ ဤအတွက် ဥပဒေအခြေခံများ ရှင်းရှင်းလင်းလင်း မဖြစ်သေးသော်လည်း အာဏာပိုင်များသည် VPN အသုံးပြုမှုများကို ဖြိုခွဲနေပြီဖြစ်၏။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့ထုတ် Frontier Myanmar, နေ့စဉ်မှတ်တမ်းအချုပ်, "VPN သုံးသူတွေကို စတင်အရေးယူပြီ" ကို ဖတ်ရှုပါရန်။

သည်ဟု ယူဆနိုင်သော ပုဒ်မ ၈၉(ဂ) ကဲ့သို့သော အခြားသော ပြဋ္ဌာန်းချက်များအရ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကာ ဆိုက်ဘာအရင်းအမြစ်အား ဝင်ရောက်ခြင်းကို အားပေးခြင်း၊ ကူညီခြင်းပြုသူ မည်သူမဆို ဤဥပဒေအရ ပြစ်မှုမြောက်သည်။

ယင်းမှာ VPN များအပါအဝင် အမည်ဝှက်ခြင်းနှင့် ကုဒ်သင်္ကေတဝှက်ခြင်းကိရိယာများကို အသုံးပြုရန်အခွင့်အရေးများကို ကာကွယ်ပေးသည့် နိုင်ငံတကာဥပဒေနှင့် ရှင်းရှင်းလင်းလင်းဆန့်ကျင်နေပါသည်။ လက်တွေ့ကျသော ကိစ္စရပ်တစ်ခုအဖြစ် VPN များသည် မြန်မာနိုင်ငံအတွင်း မိမိကိုယ်တိုင် ဖော်ပြခြင်းဖြင့်ဖြစ်စေ အခြားသူများ မျှဝေပေးသော အချက်အလက်များကို ရယူခြင်းဖြင့်ဖြစ်စေ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်ကို ရိုးရှင်းစွာ ကျင့်သုံးရန် ကြိုးစားနေသော လူများစွာအတွက် အသက်သွေးကြောတစ်ခု ဖြစ်လာခဲ့သည်။[5]

## အကြောင်းအရာပိုင်းဆိုင်ရာ ကန့်သတ်ချက်များ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ဥပဒေ(မူကြမ်း)တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဝင်ရောက်ရယူ မျှဝေနိုင်သော အကြောင်းအရာများအပေါ် အလွန် ဘောင်ကျယ်ပြီး တရားမဝင် ကန့်သတ်ချက်များ ဖြစ်သော "မမှန်သတင်းများနှင့် ကောလာဟလသတင်းများ" ကဲ့သို့သော အကြောင်းအရာများကို တားမြစ်ခြင်းနှင့် "တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် ရေးသား၊ ပြောဆို၊ ဖော်ပြချက်များ" တို့ကိုပါ ထည့်သွင်းထား၏။ ထို့အပြင် ဦးစီးဌာနက အကြောင်းကြားသည့်အခါ ထိုအကြောင်းအရာများကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ကို အချိန်မီဆောင်ရွက်ရန် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများလည်း လိုအပ်သည်။ အလွန် ပြဿနာများလှသော တည်ဆဲစည်းမျဉ်းဥပဒေများအားလုံးကို လက်ရှိ ဥပဒေ(မူကြမ်း)တွင် ဆက်လက် ပြဋ္ဌာန်းထားပြီး၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီ၏ လူမှုရေး၊ စီးပွားရေး ထိခိုက်ပျက်စီး နစ်နာစေနိုင်မည့် အကြောင်းအရာများကို အမျိုးအမည်ခွဲခြားလျက်

[5]ဥပမာအားဖြင့်- စစ်တပ်က အာဏာသိမ်းပြီး မကြာမီပင် ပြည်သူများ Facebook ကို ဝင်ရောက်ခွင့်မပြုရန် တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများအား စစ်တပ်က အမိန့်ပေးစဉ်ကတည်းက အခြားဝန်ဆောင်မှုများအနက် VPN များသည် Facebook ကို ဝင်ရောက်ကြည့်ရှုရန် မရှိမဖြစ်လိုအပ်သောကိရိယာများဖြစ်လာကြ၏။ မြန်မာနိုင်ငံတွင် VPN အသုံးပြုမှု မြင့်တက်လာမှုနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို ဤနေရာ၌ ကြည့်ရှုနိုင်ပါသည်။ Beh Lih Yi, "The military has imposed information blackouts as people turn to VPN and encrypted messaging apps to skirt restrictions", 25 February 2021, https://news.trust.org/item/20210217141412-ljfpg.

ထပ်မံ ဖြည့်စွက်ထားခြင်းဖြစ်၏ (ပုဒ်မ ၃၅(စ))။ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာအတွက် အသရေဖျက်မှု ဥပဒေတစ်ခုခုဖြင့် သင့်လျော်သော အကာအကွယ်ပေးမှုမျိုးသည် တရားဝင်သော်လည်း မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်သည် ဤကိစ္စရပ်အတွက် လုံလောက်သည်ထက် ပိုမိုသော အကာအကွယ်များ ပေးမိနေပြီ ဖြစ်သည်။[6]

ထို့ကြောင့် ဤအကာအကွယ်မျိုးကို ချဲ့ထွင်ရန် မလိုအပ်ပါ။ မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၃၅(စ) သည် အသရေဖျက်မှုဥပဒေများကို နိုင်ငံတကာဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လိုအပ်သော အကာအကွယ်ပေးမှုများ ကင်းမဲ့နေရုံသာမက ဥပဒေဖောက်ဖျက်ကျူးလွန်မှုအတွက် ရာဇဝတ်ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်များကိုပါ ထည့်သွင်း ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတကာဥပဒေနှင့်လည်း ဆန့်ကျင်နေပါသည်။[7]

## ငွေကြေးဆိုင်ရာ ကန့်သတ်ချက်များ

ယခုလက်ရှိ မူကြမ်းပါ ပုဒ်မ ၉၄ (ယခင် ပုဒ်မ ၆၆) အရ မည်သူမဆို မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားခြင်းမရှိဘဲ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က တရားဝင် ခွင့်ပြုထားခြင်း မရှိဘဲ အွန်လိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ (ယခင် ပုဒ်မ ၆၆ ၌ သုံးနှစ်ထက် မပိုသော ထောင်ဒဏ်) နှင့်/သို့မဟုတ် ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ် (အမေရိကန်ဒေါ်လာ ၅,၃၀၀ ခန့်) ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ အသစ်ပြဋ္ဌာန်းလိုက်သော ပုဒ်မ ၉၅ အရ မည်သူမဆို "တရားဝင်ခွင့်ပြုထားခြင်းမရှိသော ငွေကြေး သို့မဟုတ် ငွေကြေးတန်ဖိုးကို ကိုယ်စားပြုသည့် အရာဝတ္ထုတစ်ရပ်ရပ် (ဥပမာ- ဒစ်ဂျစ်တယ်ငွေကြေး၊ ခရစ်တိုငွေကြေး စသည်အား) ဆိုက်ဘာနယ်ပယ်တွင် ရောင်းဝယ်မှုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း

---

[6] ဤနေရာ၌ ဆက်လက်ဖတ်ရှုနိုင်ပါသည်။ Joint submission to the Universal Periodic Review of Myanmar by Arakan Journalists Association, ARTICLE 19, Athan, Centre for Law and Democracy, Free Expression Myanmar, Generation Wave, Kachin State Youth Assembly, Karen Human Rights Group, Karenni National Youth Organization, Myanmar Centre for Responsible Business, Myanmar ICT for Development Organization, Myanmar Journalist Network, Myanmar Media Lawyers' Network and Progressive Voice, 9 July 2020, paras. 4-7, https://www.law-democracy.org/live/joint-submission-to-the-universal-periodic-review-of-myanmar-raises-freedom-of-expression-concerns/.

[7] တရားဝင်အားဖြင့် ဤပုဒ်မ ၃၅ ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် လက်ရှိဥပဒေ(မူကြမ်း)တွင် တိကျသော ပြစ်မှုပြစ်ဒဏ် မပါရှိသော်လည်း၊ ဤပုဒ်မအပါအဝင် အကြောင်းအရာ ကန့်သတ်ချက်များ အားလုံးပါရှိသည်။ သို့သော် အောက်တွင် ဖော်ပြထားသော "ပြစ်မှုများ" ခေါင်းစဉ်အောက်ရှိ မှတ်ချက်ကို ဖတ်ရှုနိုင်ပါသည်။

ခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်နှင့်/သို့မဟုတ် ကျပ်နှစ်ဆယ့်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြစ်မှုနှင့် ပြစ်ဒဏ်ကို သီးသန့်ခွဲခြား ဖော်ပြထား၏။

ငွေကြေးဝန်ဆောင်မှုများနှင့် ခရစ်တိုငွေကြေး အသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်းသည် ကျိုးကြောင်းဆီလျော်စွာ စည်းမျဉ်းဥပဒေပြဋ္ဌာန်းလေ့ရှိသော နိုင်ငံများအတွက်မူ တရားမဝင်ချေ။ အာဏာသိမ်းမှုမတိုင်မီကပင် ခရစ်တိုငွေကြေး တရားဝင်/မဝင်နှင့်စပ်လျဉ်း၍ ဆွေးနွေးငြင်းခုံမှုများရှိခဲ့သော်လည်း ဤနယ်ပယ်၌ မည်သည့်စည်းမျဉ်းမျိုးကို အတိအကျ ချမှတ်ထားပြီးဖြစ်သည်ဟု ကျွန်ုပ်တို့ မသိရှိနိုင်ပေ။[8] သို့သော် ယခုလက်ရှိ ဥပဒေ(မူကြမ်း)ပါ ဆိုက်ဘာလုံခြုံရေးဥပဒေအား လက်ခံကျင့်သုံးလျှင် အဆိုပါငွေကြေးများသည် တရားမဝင်ကြောင်း ရှင်းလင်းစွာ မှတ်ယူရမည်။ ထို့အပြင် နိုင်ငံခြားငွေ[9]နှင့်ဆက်စပ်သော ကိစ္စရပ်များအပါအဝင် အထွေထွေ ငွေကြေးလွှဲပြောင်းမှုများကို ထိန်းချုပ်နေသည့် စစ်အစိုးရက ပိုမို တင်းကျပ်သော စည်းမျဉ်းများကို ချမှတ်ခြင်း၏ ရည်ရွယ်ချက်မှာ အရပ်ဘက် လူနေမှုဘဝ၏ ကဏ္ဍပေါင်းစုံ၌ အစိုးရ၏ ထိန်းချုပ်မှု ပိုမိုကျယ်ပြန့်လာစေရန် ဖြစ်သဖြင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ကို ပြတ်ပြတ်သားသား ချိုးဖောက်နေပုံ ထင်ဟပ်လျက်ရှိ၏။

## သက်သေခံပစ္စည်း

သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏ သက်သေခံချက်တင်သွင်းခြင်း ဟူသော ပြဋ္ဌာန်းချက်အသစ်နှစ်ခုနှင့်အတူ လိုအပ်သော ကျွမ်းကျင်သူ၏ ထင်မြင်ယူဆချက်အား တရားရုံးသို့ သတ်မှတ်ချက်များနှင့်အညီ သက်သေခံအဖြစ် တင်သွင်းနိုင်ရေးအတွက် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း တည်ထောင်ရန် ပြဋ္ဌာန်းခြင်းမှာလည်း စိုးရိမ်ဖွယ်အချက်တစ်ခု ဖြစ်လေ၏။ ပုဒ်မ ၆၆ တွင် "ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံး

---

[8] ဥပမာအားဖြင့် Turner Wright ၏ "Myanmar Central Bank Claims Crypto is Banned, Users Disagree"၊ May 22, 2020 တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က cryptocurrencies သည် တရားမဝင်ဟု ဆိုသော်လည်း အခြားသူများက ယင်းကို အငြင်းပွားကြကြောင်း ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။ https://cointelegraph.com/news/myanmar-central-bank-claims-crypto-is-banned-users-disagree

[9] ဤနေရာတွင် ဖတ်ရှုပါ။ Elaine Kurtenback, "Military-led Myanmar seeks to reassure foreign investors", 21 April 2022, https://apnews.com/article/business-myanmar-united-nations-embassies-b6166f8a17ddb59dd3967b3ed67cbeb1.

ရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်” ဟူ၍ ပြဋ္ဌာန်း၏။ ယင်းကိစ္စရပ်တွင် သက်သေခံပစ္စည်းများကို တရားရုံးရှေ့မှောက်တွင် တရားဝင်တင်ပြပြီး တရားရုံးက လိုက်နာဆောင်ရွက်ရမည်။ အရေးကြီးသည်မှာ ပုဒ်မ ၆၇ အရ အီလက်ထရွန်းနစ်သက်သေခံတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းကို ပေးပို့စစ်ဆေးရမည်။ အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ရလဒ်နှင့် ထင်မြင်ယူဆချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

ယင်းမှာ အလွန် ပြဿနာများဖွယ်ဖြစ်လေ၏။ အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းကို မည်သို့ဖွဲ့စည်းမည်ကို ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ဤဥပဒေ (မူကြမ်း)၏ လုပ်ငန်းဆောင်ရွက်ပုံအရ စစ်အစိုးရ၏ ကျယ်ပြန့်သော ချဉ်းကပ်မှုဟု မဖော်ပြထားသည့်တိုင် ဤအဖွဲ့သည် စစ်အစိုးရအား အမှီအခိုကင်းစွာ ရပ်တည်နိုင်မည်မဟုတ်ကြောင်း အခိုင်အမာ ညွှန်ပြနိုင်၏။ ရလဒ်အနေဖြင့် ဤပြဋ္ဌာန်းချက်သည် တရားရုံးများ မျက်မှောက်တွင် တစ်ဘက်ဘက်က မကြာခဏ အငြင်းအခုံဖြစ်ရလေ့ရှိသော မည်သည့် သက်သေခံပစ္စည်းကို လက်ခံမည်, မည်သည့် သက်သေခံပစ္စည်းကို လက်မခံ စသည်ဖြင့် စစ်အုပ်စုက ထိရောက်စွာ အဆုံးအဖြတ်ပေးနိုင်မည့် အခြေအနေတစ်မျိုးကို ဖန်တီးပေးမည်ဖြစ်သည်။ ဤပြဋ္ဌာန်းချက်သည် တရားရုံးများရှေ့တွင် တရားရင်ဆိုင်သူများ၏ တန်းတူညီမျှမှုအတွက် သတ်မှတ်ချက်များ၊ တရားရုံးများ၏ လွတ်လပ်စွာ ရပ်တည်မှုနှင့် ယင်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်များကို ထိန်းချုပ်နိုင်စွမ်းရှိသော တရားရုံးများ၏ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအရ တရားဥပဒေစိုးမိုးရေးမူတစ်ခုလုံးနှင့် တိုက်ရိုက်ဆန့်ကျင်နေလေ၏။

## ပြစ်မှုများ

ဥပဒေ (မူကြမ်း) ပါ ပြစ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ အရေးကြီးသော အပြောင်းအလဲများစွာကို ပြုလုပ်ထားပြီးဖြစ်၏။ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဆိုင်ရာ အခန်း ၁၅ တစ်ခုလုံးသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မူကြမ်း၏ ပုဒ်မ ၇၂ တစ်ခုတည်းကို အစားထိုးလိုက်ခြင်းပင် ဖြစ်၏။ ယခင် ဥပဒေ (မူကြမ်း)၏ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၈ (ယခု မူကြမ်း၌ ပုဒ်မ ၄၄ နှင့် ၅၈) တို့တွင် အွန်လိုင်းဝန်ဆောင်မှုပေးသူများသည် ဆိုက်ဘာမှုခင်းများနှင့် ဆိုက်ဘာတိုက်ခိုက်မှုများအား ကာကွယ်, တုံ့ပြန်ရန် တာဝန်ပေးထားသော ကော်မတီအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆက်သွယ်ရေးဥပဒေပါဝန်ဆောင်

မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ကြားဖြတ်ဆောင်ရွက်ခွင့်အပ်နှင်းခြင်းခံရသော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်နှင့်အတူ ကြားဖြတ်ဆောင်ရွက်ခြင်းပြုနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားရမည်။ (ကြားဖြတ်ဆောင်ရွက်ခွင့် အတိုင်းအတာကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးချေ)။ ထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ထင်ရှားလျှင် ဦးစီးဌာနသည် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူကို ဦးစီးကော်မတီ၏ သဘောတူညီချက်ဖြင့် သတိပေးခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းကို ယာယီရပ်ဆိုင်းခြင်း၊ ဝန်ဆောင်မှုပေးခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ဟူသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

အခန်း ၁၅ တွင် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အလွန်အမင်း သိသာထင်ရှားစွာ တိုးချဲ့ထား၏။ အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူသည် ၎င်းရမ်းသုံးစွဲသူက အီလက်ထရောနစ် သက်သေခံလက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သက်သေခံလက်မှတ်ကို (ပုဒ်မ ၆၉ အရ) ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ အပြန်အလှန်အားဖြင့် အီလက်ထရောနစ် သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသူ/အဖွဲ့အစည်းသည် ဤဥပဒေကို ချိုးဖောက်ပါက အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုကော်မတီသည် (ပုဒ်မ ၇၀ အရ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်းတို့ကို ပြစ်ဒဏ်အဖြစ် ချမှတ်နိုင်သည်။ (ဥပဒေနည်းပညာစံနှုန်းများနှင့် ကိုက်ညီခြင်း၊ ဆိုက်ဘာတိုက်ခိုက်မှုများအတွက် ပြင်ဆင်ထားခြင်း၊ အခွန်ပေးဆောင်ခြင်းနှင့် ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များစွာကို အကျုံးဝင်စေသော) ပုဒ်မ ၃၄၊ ၃၆၊ ၅၄ နှင့် ၅၈ တို့ကို ဖောက်ဖျက်ခြင်းနှင့် (အကြောင်းအရာပိုင်းအရ ကန့်သတ်ချက်များ ပါဝင်သော) ပုဒ်မ အငြင်းပွားဖွယ်ရာ ပုဒ်မ ၃၅ တို့ကို ဖောက်ဖျက်ကျူးလွန်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေးဥပဒေပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား ဦးစီးဌာနအနေဖြင့် ပုဒ်မ ၇၁-၇၃ အရ ဦးစီးကော်မတီ၏ သဘောတူညီချက်ဖြင့် သတိပေးခြင်း၊ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဝန်ဆောင်မှု သို့မဟုတ် လိုင်စင်အား ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်ပေးထား၏။)

ဦးစီးဌာန၊ ဦးစီးကော်မတီနှင့် နောက်ဆုံးအဆင့်အနေဖြင့် (အထက်တွင် မှတ်ချက်ပြုခဲ့သည့်အတိုင်း ဥပဒေမူကြမ်းတွင် တိုက်ရိုက် ဖော်ပြထားခြင်းမရှိသော) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှု

ကော်မတီအပါအဝင် အားလုံးကို စစ်အစိုးရက အပြည့်အဝ ချုပ်ကိုင်ထားသောကြောင့် နိုင်ငံတွင်း လက်ရှိ အုပ်ချုပ်နေသော အကူးအပြောင်းကြားကာလ အစိုးရလက်အောက်၌ လွတ်လပ်မှု ကင်းမဲ့ကာ နိုင်ငံသားများ နှင့် ဒေသခံများဘက်မှ ထုတ်ဖော်ပြောဆိုသည့် လုပ်ဆောင်ချက်များကို ပိတ်ဆို့အရေးယူခြင်းဆိုင်ရာ အဖွဲ့ အစည်းများအား လုပ်ပိုင်ခွင့်အာဏာပေးအပ်ခြင်းသည် တရားမဝင်ချေ။.

ထို့အပြင် (ပုဒ်မ ၆၉ တွင် ဖော်ပြထားသည့်အတိုင်း) အီလက်ထရောနစ် သက်သေခံလက်မှတ်များ ထုတ်ပေး ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုသည် ဤဆုံးဖြတ်ချက်များအတွက် (ပုဒ်မ ၇၅ နှင့်အညီ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုကော်မတီနှင့် (ပုဒ်မ ၇၀-၇၃ နှင့်အညီ) အခြားကိစ္စရပ်များအတွက် (ပုဒ်မ ၇၆-၇၇ နှင့်အညီ) ဇဟိုကော်မတီတို့ထံသို့ အယူခံလျှောက်ထားနိုင်၏။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ် အတည်ဖြစ်သည် (ပုဒ်မ ၇၈)။ ထို့ကြောင့် လွတ်လပ်မှု မရှိသော အဖွဲ့အစည်းများ၏ ကနဦးအယူခံနှင့် အယူခံအဆင့်ဆင့် နှစ်မျိုးလုံးတွင် အရေးကြီးသော ဟန့်တားပိတ်ဆို့မှုများအပြင် ထို ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာကို ဖြုတ်ချထားခဲ့၏။

လက်ရှိ ဥပဒေ (မူကြမ်း)တွင်မူ အဆိုပါ ယေဘုယျ စည်းမျဉ်းကို ဖယ်ရှားခဲ့ပြီး ပုဒ်မ ၃၅ ကို ဖောက်ဖျက်မှု အတွက် တိကျသော ပြစ်မှုပြစ်ဒဏ် ဖော်ပြခြင်း မရှိသေးဘဲ အကြောင်းအရာပိုင်းဆိုင်ရာ ကန့်သတ်ချက်များ ကိုသာ ဖော်ပြထား၏။ မမှန်သတင်းများ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ညစ်ညမ်းသော အကြောင်းအရာ စသည့် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်အချို့သည် (ပုဒ်မ ၉၀ နှင့် ၉၆ တို့၌ ပြဋ္ဌာန်းချက်အသီးသီးအတွက်) သီးခြား ပိတ်ဆို့ဟန့်တားသော အကြောင်းအရာများ ဖြစ်ကြ၏။ ပုဒ်မ ၈၉(ဂ) တွင် ဥပဒေအရ ပြဋ္ဌာန်းထားသော ပုဒ်မ ၃၅ ၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကာ “ဆိုက်ဘာအရင်းအမြစ်” အား ဝင်ရောက်ခြင်းကို အားပေးခြင်း သို့မဟုတ် အကူအညီပေးခြင်းသည် ရာဇဝတ်မှုမြောက်၏။ ပုဒ်မ ၃၅ ကို ရည်ညွှန်းသော ပုဒ်မ ၇၁ ပါ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုအတွက် ပြစ်ဒဏ်များသည် (အင်္ဂလိပ်ဘာသာပြန်ကိုလေ့လာချက်အရ) ဤပုဒ်မအား ဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် ရှင်းရှင်းလင်းလင်း မဖော်ပြထားပေ။ စစ်အစိုးရက ဥပဒေ (မူကြမ်း)ကို ထပ်မံ မွမ်းမံရန် စဉ်းစားမည်ဆိုပါက (ပုဒ်မ ၃၅ အတွက် ယေဘုယျ ပြဋ္ဌာန်းချက် မရှိသဖြင့်) “ကြီးကြပ်မှု” ဟူသော စကားရပ်ကို နောက်ဆုံးတွင် ပြင်ပေးရမည်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆမိ ပါသည်။

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ပင် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ မူကြမ်းတွင် မပါရှိသေးသော) အနိမ့်ဆုံးထောင်ဒဏ်များကို ယခုလက်ရှိ ဥပဒေ(မူကြမ်း) တွင် ပြဋ္ဌာန်းချက်အသစ်အဖြစ် အစပျိုးလိုက်ခြင်း ဖြစ်၏။ ယင်းတို့ကို ယခုအခါ ပုဒ်မ ၈၄-၈၈ နှင့် ၉၀-၁၀၀ တို့အထိပါ အလွန်ကျယ်ပြန့်စွာ ဆက်စပ်လိုက်လေ၏။

ပုံမှန်အားဖြင့် ဤပြဋ္ဌာန်းချက်များအားလုံးသည် ထောင်ဒဏ် "သို့မဟုတ်" ငွေဒဏ်ကို ချမှတ်ခြင်းဖြစ်ပြီး၊ ဥပဒေနည်းပညာပိုင်းအရ မဖြစ်မနေကျခံရမည့် အနည်းဆုံး ထောင်ဒဏ်များ မဟုတ်ချေ။ သို့သော် လက်တွေ့တွင် ထိုနည်းလမ်းမျိုးဖြင့် အရေးယူခံရနိုင်မည့် အလားအလာ အလွန် များလေ၏။ မဖြစ်မနေ ကျခံရမည့် အနည်းဆုံး ထောင်ဒဏ်ကာလသည် ပိုမိုကြီးလေးသောပြစ်မှုမျိုးအတွက်သာ ချမှတ်သင့်ပြီး၊ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစေရန်လိုအပ်သည် ဟူသော ဥပဒေသကို လိုက်နာရန် ပျက်ကွက်သဖြင့် တရားမဝင်သော ပြဋ္ဌာန်းချက်ပင် ဖြစ်လေ၏။ ဤပုဒ်မများထဲမှ ပြဋ္ဌာန်းချက်တစ်ခုခုကို ချိုးဖောက်နိုင်သည့် အလားအလာများအတွက် ကျယ်ပြန့်သော အရေးယူမှုနယ်ပယ်ကို နှင်းအပ်ခြင်းဖြစ်သော်လည်း အထူးသဖြင့် ပြစ်မှုအများစုမှာ အလွန် သေးငယ်သော မှားယွင်းမှုမျိုးကို ရည်ညွှန်းလျက်ရှိသည်မှာ အမှန်ပင်ဖြစ်လေ၏။ (ဥပဒေနည်းပညာရှုထောင့်အရ ဤပုဒ်မများအရ ချမှတ်လိုက်သော) ထောင်ဒဏ်အဖြစ် မဖြစ်မနေ ကျခံရမည့် အနည်းဆုံး ကာလကို သတ်မှတ်ခြင်း၌ပင် ပြစ်မှုနှင့် ပြစ်ဒဏ် မျှတစေရန်လိုအပ်သည် ဟူသော ဥပဒေသနှင့် ဆန့်ကျင်နေသဖြင့် ထူးထူးခြားခြား ပိုမိုကောင်းမွန်သော ဥပဒေကျင့်ထုံးတစ်ခု မဟုတ်ဟု ဆိုနိုင်၏။

စစ်အစိုးရက စတင်ပြဌာန်းလိုက်သော ဥပဒေပြင်ဆင်ချက်များနှင့်အညီ လုံခြုံရေးနှင့် ပတ်သက်သည့် ပြစ်မှုအသစ် နှစ်ခုလည်း ရှိလေ၏။ ပုဒ်မ ၉၂ တွင် ဆိုက်ဘာတိုက်ခိုက်မှုအမျိုးမျိုးကို သီးသန့်ရာဇဝတ်ပြစ်မှုအဖြစ် အထူးသတ်မှတ်လိုက်သဖြင့် "မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက် နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း (ဟက်ကင်း) နှင့် တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲ (Malware) ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာ (အမေရိကန်ဒေါ်လာ ၁၆,၀၀၀ ခန့်) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဤနေရာ၌ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တွဲဖက်လိုက်

ခြင်းမှာ ထူးခြားချက်တစ်ရပ်ပင် ဖြစ်လေ၏။ ပုဒ်မ ၉၃ အရ "မည်သူမဆို နိုင်ငံတော်နှင့် အခြားနိုင်ငံတို့၏ ဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း" ဆိုက်ဘာတိုက်ခိုက်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးရာ (အမေရိကန်ဒေါ်လာ ၂၇,၀၀၀ ခန့်) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ပိုမိုပြင်းထန်စွာ ချမှတ်ရမည်။

ဤရည်ရွယ်ချက်မျိုးဖြင့် ကျူးလွန်သော ရာဇဝတ်မှုမျိုးအတွက် ပြင်းထန်သည့် ပြစ်ဒဏ်များ ချမှတ်ခြင်းသည် အမှန်ပင် တရားမဝင်သကဲ့သို့ အွန်လိုင်းတွင် အမျိုးသားလုံခြုံရေးကို ကာကွယ်ရန် လုံလောက်သော စည်းမျဉ်းများလည်း မြန်မာနိုင်ငံတွင် ရှိနှင့်ပြီး ဖြစ်လေ၏။[10] အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤပြဋ္ဌာန်းချက်များအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရနိုင်ခြေရှိသော အရေးယူမှုအတိုင်းအတာအရ အနည်းဆုံးထောင်ဒဏ်ဟု ဆိုသော်လည်း အတော်ပင် ပြင်းထန်သော ပြစ်ဒဏ်များကို တမင် ချမှတ်လိုက်သလောဟု အလွန် သံသယဖြစ်ဖွယ်ကောင်းလှ၏။

# အကြံပြုချက်များ

ဥပဒေနှင့် ဒီမိုကရေစီဗဟိုဌာနသည် အများအားဖြင့် ဥပဒေ သို့မဟုတ် ဥပဒေ (မူကြမ်း) တစ်ခုစီအတွက် သီးခြားဝေဖန်ချက်တစ်ခုစီကို အခြေခံလျက် အသေးစိတ် အကြံပြုချက်များ ပြုလုပ်ပေးလေ့ရှိပါသည်။ သို့သော်လည်း ဤသဘောထားမှတ်ချက်သည် အဆိုပါဥပဒေမူကြမ်းနှင့် ပတ်သက်သည့် ပြဿနာရပ်များအားလုံးအတွက် မဟုတ်ဘဲ ပြင်ဆင်ချက်အတွက်သာ ပြန်လည်သုံးသပ်ထားခြင်းဖြစ်၏။ ယခုအချိန်တွင် ကျွန်ုပ်တို့၏ တစ်ခုတည်းသော အကြံပြုချက်မှာ ဤဥပဒေ (မူကြမ်း)၏ အခြေခံပြဿနာများနှင့် ဤဥပဒေကို စတင်ပြဋ္ဌာန်းသော စစ်အစိုးရ၏ အယူအဆတစ်ခုလုံးကို ဖျက်သိမ်းသင့်သည်ဟူ၍ဖြစ်၏။ သို့မှသာ မြန်မာ

---

[10] ဥပမာအားဖြင့် ဥပဒေနှင့် ဒီမိုကရေစီစင်တာက ထုတ်ဝေသော ဤစာတမ်းကို ဖတ်ရှုနိုင်ပါသည်။ "Myanmar: Groups Plan to Reform Digital Content Restrictions", 10 December 2017, https://www.law-democracy.org/live/myanmar-groups-plan-to-reform-digital-content-restrictions/.

နိုင်ငံတွင် ဒီမိုကရေစီအစိုးရ ပြန်လည် ရောက်ရှိလာချိန်တွင် မည်သို့သော ဆိုက်ဘာလုံခြုံရေးဥပဒေ လိုအပ်မည်ကို သင့်လျော်သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်လေ၏။